မိုးဖိန်းကျေးရွာ
မိုးဖိန်းကျေးရွာအုပ်စု၊ ဗန်းမော်မြို့နယ်
ကချင်ပြည်နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ မိုးဖိန်းကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဗန်းမော်မြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဇွန် လ၊ ၂၀၂၂ ခုနှစ်

**မာတိကာ**


မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား ၃

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ ၃

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ ၃

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ ၄

(က) သီးနှံစိုက်ပျိုးရေး ၄

**(ခ)** မွေးမြူရေးလုပ်ငန်း **၄**

**(ဂ)** စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ **၅**

**(ဃ)** ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု **၅**

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ **၅**

(က) ကျေးလက်သယ်ယူပို့ဆောင်ရေး **၅**

(ခ ) ကျေးရွာမီးလင်းရေး **၅**

(ဂ) သတင်းနှင့် ဆက်သွယ်ရေး **၅**

၆။ ပညာရေး **၆**

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး **၆**

၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ၇

၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ ၇


၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ **၈-၁၀**


နောက်ဆက်တွဲ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ **၁၀-၅၉**

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြုဇယား **၆၀-၆၄**

နောက်ဆက်တွဲ(၃) ဦးစားပေးစီမံချက် အဆိုပြုလွှာ **၆၅-၆၈**


မိုးဖိန်းကျေးရွာ သယံဇာတပြမြေပုံကြမ်း
မြောက်
မိုးဖိန်းကျေးရွာ
မိုးဖိန်းကျေးရွာအုပ်စု
ဗန်းမော်ခရိုင်
ကချင်ပြည်နယ်
စကေး မြေပုံ လက်မ = ၁မိုင်
ညွှန်ပြချက်
၁။ မြို့နယ်နယ်နိမိတ်
၂။ ကျေးရွာနယ်နိမိတ်
၃။ အဆောက်အဦး
၄။ လမ်း
၅။ စာသင်ကျောင်း
၆။ ဘုန်းကြီးကျောင်း
၇။ စေတီ
၈။ ကျေးလက်ဆေးပေးခန်း
၉။ မြစ်ချောင်း (ဧရာဝတီ)
၁၀။ ရာဘာခြံ



လ
တန်ခူး
ကဆုန်
နယုန်
ဝါဆို
ဝါခေါင်
တော်သလင်း
သီတင်းကျွတ်
တန်ဆောင်မုန်း
နတ်တော်
ပြာသို
တပို့တွဲ
တပေါင်း
ရာသီဥတု
ဝင်ငွေ ရရှိမှု
ထွက်ငွေ

## မိုးဖိန်းကျေးရွာ၏ ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု

### အခြေအနေပြပုံ




**ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ**

၁။ အုပ်ချုပ်ရေးအဖွဲ့
၂။ ရပ်မိ/ရပ်ဖ အဖွဲ့
၃။ ဝေါ်ဆင်/ဖယ်ဆင် အဖွဲ့
၄။ လူငယ်အဖွဲ့ (အပျို/လူပျို)
၅။ ကျေးလက်ကျန်းမာရေးဌာနခွဲ
၆။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့
၇။ အရံမီးသတ်အဖွဲ့
၈။ မြစိမ်းရောင်ရှင်ပုံဖွံ့ဖြိုးကြွယ်ဝမှုအဖွဲ့

**ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများ**

၁။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
၂။ ကျေးလက်ဦးစီးဌာန
၃။ ကျန်းမာရေးဦးစီးဌာန
၄။ ပညာရေး
၅။ စိုက်ပျိုးရေးဦးစီးဌာန
၆။ သမဦးစီးဌာန
၇။ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေး
၈။ မီးသတ်ဦးစီးဌာန
၉။ မြန်မာစီးပွားရေးဘဏ်

## ၁။ တည်နေရာနှင့် ပထဝီအနေအထား

**မိုးဖိန်း**ကျေးရွာသည် ကချင်ပြည်နယ်၊ ဗန်းမော်ခရိုင် ၊ ဗန်းမော်မြို့နယ် ၊ မိုးဖိန်းကျေးရွာအုပ်စု ၊ ဗန်းမော်-မြစ်ကြီးနားသွား ကားလမ်းပေါ်တွင်တည်ရှိပြီး တာပိန်မြစ်၏ အရှေ့ဘက်ကမ်းတွင် တည်ရှိပြီး ကျေးရွာ၏ မြောက်ဖက်တွင် သာစည်၊ တောင်ဘက်တွင် တာမိုင်းလုံကျေးရွာနှင့် အနောက်ဖက်တွင် တာပိန်ချောင်းတည်ရှိသည်။ ကျေးရွာသည် ဗန်းမော်မြို့နှင့် (၇)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ မိုးဖိန်းကျေးရွာ ကုန်းမြေဖြစ်သော်လည်း ရွာ၏ နံဘေးတွင် တာပိန်ချောင်း တည်ရှိပြီး အရှေ့ဖက်တွင် ရိုးလယ်များနှင့် ရာဘာခြံများရှိပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ်မိုးရေချိန် လက်မ(၇၅% မှ ၈၀%)ခန့် ရရှိသော်လည်း စိုက်ပျိုးချိန်တွင် ရေရှားပါးမှုကြုံတွေ့ရသည်။ ကျေးရွာတွင် သဘာဝတွင်းထွက်ပစ္စည်းများ ထွက်ရှိခြင်းမရှိပါ။ ဆောက်လုပ်ရေးအတွက် သဲရှိသော်လည်း အလွယ်တကူထုတ်ယူခွင့် မရှိပါ။ သဘာဝပေါက်ပင်များအနေဖြင့် ယခင်က တန်ဖိုးမြင့်အပင်များ ရှိသော်လည်း စည်းကမ်းမဲ့ခုတ်ယူသူများကြောင့်လည်းကောင်း ပြည်ပလုပ်ငန်းရှင်များကို ခွင့်ပြုပေးခြင်းကြောင့်လည်းကောင်း သဘာဝပေါက်ပင်နှင့် တန်ဖိုးမြင့်အပင်များ ပျောက်ကွယ် သွားကြသည်။ နွားစာနှင့်ဆေးဖက်ဝင်(အမည်မသိ)အပင်များစွာရှိပါသည်။ သို့သော် ရွာနားမှစ၍ သစ်တောများ မြေလွတ်မြေလပ် အနည်းငယ်သာရှိတော့သည်။သဘာဝတောရိုင်း တိရစ္ဆာန်များသည် သစ်တောပြုန်းတီးမှုကြောင့် တဖြေးဖြေးရှားပါးလာပြီး မျိုးသုန်းပျောက်ကွယ် လုနီးပါးရှားပါးလာသည်။ စိုက်ပျိုးမြေရိယာကေ (၉၈၂) ကေကျော်ရှိသော် မိုးရေကိုသာသုံးစွဲကြပြီး၊ လယ်ကေ (၂၀၀)ခန့် မှာ စက်ရေတွင်းနှင့် မိုးရေကိုသာ အဓိကထား သုံးစွဲကြသည်။ နှစ်စဉ် မိုးခေါင်ရေကြီးခြင်းကြောင့် စပါး၊ပဲပြောင်း၊စိုက်ပျိုးသလောက် ဖြစ်ထွန်းအောင်မြင်ခြင်း မရှိပါ။ ကျေးရွာတွင် နှစ်စဉ်တာပိန်မြစ် ရေကြီးခြင်းကြောင့် လယ်ကေ(၁၀၀)ကျော် ရေနစ်မြုပ်ခြင်းကို ရင်ဆိုင်နေရပါသည်။ ကျေးရွာတွင် သဘာဝသယံဇာတ အရင်းအမြစ်များအနေဖြင့် ခဲတ်ငွေ့၊ရေနံ၊ ကျောက်မျက်များ နှင့် အခြားတွင်းထွက် သယံဇာတများ မထွက်ရှိပါ။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

မိုးဖိန်းကျေးရွာအတွင်း အဖွဲ့ပေါင်း (၅) ဖွဲ့ရပါသည်။ လူမှုရေးအဖွဲ့ (၂) ဖွဲ့ရှိပြီး၊ ကျန်(၃)ဖွဲ့မှာ ဘာသာရေးနှင့် လူမှုရေးကို အခြေခံသော အရံမီးသတ်တပ်ဖွဲ့များ လည်းဖွဲ့စည်းထားရှိပါသည်။ ရပ်ရွာ၏ လိုအပ်ချက်အရ ဖွဲ့စည်းထားသော ရပ်မိရပ်ဖအဖွဲ့နှင့် လူငယ်အဖွဲ့များမှ စွမ်းဆောင်နိုင်မှုလည်း ကောင်းသည်။ ကျန်အဖွဲ့အစည်းများမှာ အဖွဲ့အစည်းများကို လေ့လာရာတွင် ကျေးရွာ၏ ဖွံ့ဖြိုးရေး အတွက် သီးခြားတာဝန်များခွဲဝေလုပ်ဆောင်နေကြသော်လည်း မိမိတို့ကျေးရွာ၏ ဖွံ့ဖြိုးရေးကို စနစ်တကျ ဦးဆောင်နိုင်ခြင်းမရှိသေးဘဲ စွမ်းဆောင်ရည်အားနည်းနေ သေးသည်ကို တွေ့ရသည်။ ၄င်းအဖွဲ့များ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှု စွမ်းရည်ဖွံ့ဖြိုးရန် လိုအပ်နေသေးသည်။

ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်သော ပြင်ပအဖွဲ့အစည်း ၁ဖွဲ့ရှိသည်။ WHO မှာ အစိုးရမဟုတ်သော အဖွဲ့အစည်းဖြစ်ပြီး စာသင်ကျောင်းရှိ ကလေးများအား အစာအဟာရ ကျန်းမာရေးလုပ်ငန်းလုပ်ဆောင် ပေးနေသည်ကို တွေ့ရ သည်။

## ၄။ စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ

### (က) သီးနှံစိုက်ပျိုးရေး

မိုးဖိန်းကျေးရွာတွင် စပါး၊ပြောင်း၊ပဲမျိုးစုံနှင့် ကုန်းမြေတွင် နာနတ်၊ရာဘာခြံလုပ်ငန်း လုပ်ကိုင်ကြသည်။ လယ်မြေကိုသာ အဓိကစိုက်ပျိုးကြပြီး မိုးရေနှင့်စက်ရေတွင်းကိုသာ အားထားကြရသည်။ ပျှမ်းမျှ စပါးအထွက်နှုန်းမှာ တစ်ကေ (၆၅) တင်းထွက်သည်။ ပြောင်းပျှမ်းမျှ အထွက်နှုန်းမှာ ဆောင်းပြောင်း (၅၅) တင်းခန့်ထွက်သည်။ ပဲပုတ်မှာ ပျှမ်းမျှ(၃၀)တင်း၊ မြေပဲမှာ ပျှမ်းမျှ(၄၀)တင်း ခန့်၊မြေထောက်ပဲမှာ ပျှမ်းမျှ(၃၀) တင်းခန့် ထွက်ရှိပါသည်။နာနတ်(၁)ကေ ပျှမ်းမျှထွက် တန်ချိန် (၅)တန်ခန့် ထွက်ရှိပါသည်။ ကျေးရွာတွင်းရှိ လယ်သမားများတွင် တစ်ဦးချင်းပိုင် ထွန်စက်ကြီး(၅)စင်းရှိသော်လည်း (၁)ကေလျှင် ငွေ(၃၅၀၀၀/-)ကျပ်

ထွန်ယက်ခ ပေးဆောင်နေကြရသည်။ စပါးခွဲလေ့စက်ငှါးရမ်းခမှာ စပါးတင်း(၁၀၀)လျှင် စပါး(၅)တင်း ပေးကြရသည်။ စိုက်ပျိုးရေးထွက်ကုန်များ ရောင်းချနိုင်သော်လည်း တောင်သူ သီးနှံပေါ်ချိန်တွင် နှစ်စဉ်ဈေး ကျပြီး တောင်သူများအရှုံးနှင့်သာ ရောင်းကြရသည်။ ဖျက်ပိုးရောဂါနှစ်စဉ် ကျရောက်သော်လည်း နည်းပညာ အားနည်းပြီး ပိုးသတ်ဆေးနှင့် စိုက်ပျိုးရေးသုံးဆေးပစ္စည်းများ ဈေးမြင့်မားသောကြောင့် တောင်သူများ လိုအပ်သလောက် အသုံးမပြုနိုင်ခြင်းကြောင့် တောင်သူများအရှုံးနှင့်သာ ရင်ဆိုင်ကြရသည်။ပိုးသတ်ဆေးနှင့် ဓာတ်မြေသြဇာများ ယခုနှစ်အတွင်းရုတ်တရက် သုံးပုံတစ်ပုံခန့်ဈေးမြင့်တက်သုံးစွဲနေကြရသည်။ မြက်ရိတ် စက်(၁၀)ခု ရှိပြီး ကျေးရွာရှိ အိမ်ထောင်စုတိုင်း မြက်ရိတ်စက် ပိုင်ဆိုင်မှုမရှိသေးချေ။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် အိမ်မွေးတိရိစ္ဆာန်များကို အိမ်တိုင်းနီးပါးမွေးမြူကြသော်လည်း စီးပွါးဖြစ်မွေးမြူလေ့မ ရှိ။ တစ်ပိုင်တစ်နိုင်သာ မွေးမြူလေ့ရှိကြသည်။ ကျွဲ ၊နွားကို တစ်ပိုင်တစ်နိုင်မွေးမြူကြသော်လည်း စားကျက် မြေ မရှိသောကြောင့် အခက်အခဲများစွာ ရှိပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**

ကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်သောကြောင့် စိုက်မွေးမဟုတ်သော အခြား ဝင်ငွေရ လုပ်ငန်း(၂)အိမ် (ဆန်စက်)၊ ဈေးရောင်း(၁၅)အိမ်၊ ဆောက်လုပ်ရေးလုပ်ငန်းနှင့် ထုတ်ကုန်လုပ်ငန်း များမရှိပါ။ ဈေးကွက် အခြေအနေကို ကောင်းစွာနားမလည်ခြင်းမရှိပါ။ ချေးငွေရရှိရန် ခက်ခဲမှုရှိပါသည်။ အသေးစားအလတ်စား စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဝန်ဆောင်မှုများလည်း အလွယ်တကူမရ ရှိကြပါ။ အသက်မွေးဝမ်းကျောင်းပြုနိုင်သော ပညာတစ်ခုခုတတ်မြောက်မှုတွင်လည်း ကျွမ်းကျင်စွာတတ် မြောက်ခြင်း မရှိကြပါ။ ထို့ကြောင့် အသက်မွေးဝမ်းကျောင်း သင်တန်းများတက် ရောက်လိုကြသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

သမဝါယမချေးငွေ ၊ စိုက်ဘဏ် နှင့် အဖွဲ့လိုက်ငွေစု/ငွေချေးအစီအစဉ်ဟူ၍ ငွေချေးခြင်း ၃မျိုးရှိ သည်။ ၃ ခုလုံးမှာ ကာလတို/လတ် ချေးငွေများဖြစ်ပြီးလိုအပ်သည့် အချိန်၊လိုအပ်သလောက် မရနိုင်ကြပါ။ ကျေးရွာ တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် မြစိမ်း ရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဖွဲ့စည်းလျက် ကျေးရွာသူ/ကျေးရွာသားများသို့ အတိုး နှုန်း ၅၀ပြားမှ ၁ကျပ်၅၀ပြားအထိ သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးလျက် ရှိပါသည်။ ချေးငွေကာလ မှာ တစ်နှစ်ဖြစ်ပါသည်။ ထို့ပြင် မဟာချေးငွေ လုပ်ငန်းလည်း ရှိပါသည်။မရွှေ့မပြောင်းနိုင်သော ပုံသေပိုင် ပစ္စည်းအား အာမခံအနေဖြင့်ထားရှိရပြီး ပိုင်ဆိုင်မှု၏ သုံးပုံတစ်ပုံကို ချေးငွေအဖြစ် ရရှိပါသည်။ အတိုးနှုန်းမှာ မြစိမ်းရောင်ချေးငွေထက် ပိုမိုပေးဆောင်ကြရသည်။အတိုးနှုန်းသက်သာသော ကာလရှည် ချေးငွေများ ရရှိရန် လိုအပ်သည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ကျေးရွာတွင် သယ်ယူပို့ဆောင်ရေးယာဉ်များအနေဖြင့် လှေသမ္ဗာန် (၅၀)စင်း၊စက်လှေ(၅၀)၊ စက်ဘီး (၁၀၀)စင်း၊ မော်တော်ဆိုင်ကယ်(၂၅၀)စီး၊ ထော်လာဂျီ(၈၀)စီး၊ ကား(၁၀)စီး၊သုံးဘီး(၃)စီး သယ်ယူပို့ဆောင် ရေး တွင် မော်တော်ကားနှင့်ထော်လာဂျီကို အသုံးပြုကြသည်။

ကျေးရွာတွင်းလမ်းများမှာ ကွန်ကရစ်လမ်းနှင့် မြေလမ်းများဖြစ်သည်။ ကွန်ကရစ်လမ်း ဖြစ်သော် လည်း တာပိန်မြစ်ရေအား မိုးအခါတွင် စက်လှေဖြင့်ကူးကြရပြီး၊ သီးနှံပေါ်ချိန်တွင် ပေါ်တွန်းဖြင့် သယ် ယူကြရသည်။ တစ်ဖက်ကမ်းတွင်လည်း မြေလမ်းများဖြစ်ပြီး မိုးအခါတွင် ရွံ့ဗွက်များဖြင့် သွားလာရ အလွန်ခက်ခဲပါသည်။ ထို့ကြောင့်လမ်းနှင့် တံတား ပြုပြင်တည်ဆောက်ပေးရန် လိုအပ်လျက်ရှိသည်။

ကျေးရွာတွင် ကိုယ်ထူကိုယ်ထ ရွာချင်းဆက်လမ်းပေါ်ရှိ သစ်သားတံတား(၂)စင်း၊ ဝါးတံတား (၁)စင်း ရှိပါသည်။ သစ်သားတံတား (၂)စင်းမှာ အလျား ၁၀၀ ပေ၊ အနံ ၆ ပေ၊ အမြင့် ၁၀ ပေရှိပြီး ပါသည်။

ဝါးတံတား(၁)စင်းမှာ အလျား(၈၀၀)ပေ၊ အနံ(၆)ပေ၊အမြင့်(၈)ပေရှိပြီး နွေဝင်ဘာလတွင် ဆောက်လုပ်ပြီး မေလတွင် ပြန်လည်ဖျက်သိမ်း ရှိနေပါသည်။

**(ခ) ကျေးရွာမီးလင်းရေး**

မိုးဖိန်းကျေးရွာတွင် အိမ်ခြေ (၂၅၁)အိမ် ရှိသော်လည်း မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီး သုံးစွဲသူ(၂၂၆)အိမ်သာ ရှိသည်။ မဟာဓါတ်အားလိုင်းသွယ်တန်းပြီးဖြစ်သော်လည်း မီတာ ဘောက်တပ်ဆင်ခ မတတ်နိုင်ပဲ ဆိုလာစနစ်ဖြင့် သုံးစွဲသောအိမ်ထောင်စု (၂၅)ရှိ ပါသည်။မီးသုံးစွဲရာတွင် ဘက္ထရီမီးသုံးစွဲသူမရှိပါ။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

ကျေးရွာတွင် တစ်ရွာလုံးဖုန်းအသုံးပြုနိုင်ကြပြီး တယ်လီဖုန်းအရေအတွက် (၃၂၀) လုံးရှိပြီး အမ်ပီတီ၊ တယ်လီနော ၊ မိုင်တဲ ၊အူရီဒူးလိုင်းများကို အများဆုံးအသုံးပြုကြသည်။ ရေဒီယို အလုံး(၂၀) ရှိသဖြင့် သုံးစွဲသူ အသင့်အတင့်ရှိသည်။ တီဗီ (၂၀၀)လုံးနှင့် ဂြိုလ်တုစလောင်း (၂၀၀) လုံးရှိ သည်။

**၆။ ပညာရေး**

မိုးဖိန်းကျေးရွာတွင် အလယ်ကျောင်းအဆင့်သာဖြစ်ပြီး ကျောင်းဆောင် (၄) ဆောင်ရှိပါသည်။ ကေဂျီ ကျောင်းဆောင်အသစ် (အလျား၃၀ပေxအနံ၂၀ပေ)အဆောင် (၁)ဆောင်၊ မူလတန်းကျောင်းဆောင် (အလျား၄၀ပေxအနံ၂၀ပေ) (၂)ဆောင်၊ အလယ်တန်းကျောင်းဆောင် (အလျား၁၀၀ပေxအနံ ၂၀ပေ)(၁) ဆောင်ရှိပါသည်။ ကျေးရွာတွင် ကျောင်းဆောင်လုံလောက်သွားပါမည်။ ကျောင်းသောက်ရေသန့် အနေဖြင့် သောက်သုံးရန် လုံလောက်ပြီး သင့်တော်ပါသည်။ စာသင်ကျောင်းဝင်းအတွင်း ရေအရည်အသွေး ကောင်းမွန်ပါသည်။ ကျောင်းတွင် သန့်ရှင်းသောသောက်ရေရရှိရေးအတွက် ရေသန့်စက်တပ်ဆင်ပါက အထူးသင့်တော် ပါသည်။

စာမတတ်သော လူဦးရေများမှာ သက်ကြီးရွယ်အိုကျား(၂၇)ဦး၊မ(၅၆)ဦးရှိပြီးရာခိုင်နှုန်းအားဖြင့် ကျေးရွာလူဦးရေ၏ (၈.၀၆%) များဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် ကျား(၁၃၀) ဦး၊မ(၁၂၂)ဦး စုစုပေါင်း(၂၅၂)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၂၄.၄၈%) ရှိပါသည်။ အလယ်တန်း အဆင့် စာတတ်မြောက်သူ ကျား(၆၂)ဦး၊မ(၈၁)ဦး ရှိပြီး ကျေးရွာလူဦးရေ၏ (**၆.၀၂**) ရာခိုင်နှုန်း အထိများပြား ခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သည့် လူဦးရေမှာ **(၁၄၄)ဦး(၁၃.၉၉%)**ရှိပါသည်။ အထက် တန်းအဆင့်တတ်မြောက်သူ ကျား(၆၂)ဦး၊မ(၈၁)ဦးရှိပြီး ကျေးရွာလူဦးရေ၏ **(၁၃.၈၉%)နှင့်** တက္ကသိုလ် အဆင့်ထိ စာတတ်မြောက်သူ ကျား(၁၇)ဦး၊မ(၆၁)ဦးရှိပြီး (၇.၃၆%) ရှိသည်။

**၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် နှစ်စဉ်ကာကွယ်ဆေးများပုံမှန်ထိုးပေးလေ့ရှိသော်လည်း အာဟာရပညာပေး အစီ အစဉ်များမရှိပါ။ ကျေးရွာတွင် ရောဂါဖြစ်ပွားမှုနိမ့်ကာ ကျန်းမာရေးအသင့်အတင့် ကောင်းမွန်ကြသည်။ ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန ရှိပါသည်။ မြို့နယ်ဆေးရုံသို့သွားလိုလျှင် မိုင် (၈) မိုင်ခန့် ဝေးသည်။ အရေးပေါ်အခြေအနေများတွင် မြို့နယ်ဆေးရုံများသို့ ပို့ဆောင်ရန် လမ်းခရီးအခက်အခဲ မရှိသော်လည်း စစ်တပ်ကိုဖြတ်ပြီး သွားရသော အခြေအနေများက ခက်ခဲမှုများကို ဖြစ်စေပါသည်။

ကျေးရွာတွင် သောက်ရေတွင်းများမှာ ရေဘုံဘိုင်တွင်း အိမ်ထောင်စု အားလုံး ရှိပြီး ရေအရည် အသွေးကောင်းမွန်ပါသည်။ အိမ်ထောင်စုအားလုံး သုံးစွဲကြသည်။ ရေအရည်အသွေး စစ်ဆေး ထားခြင်း ရှိပါသည်။ ကျေးရွာတွင် သန့်ရှင်းသောယင်လုံအိမ်သာအနေဖြင့် ရေလောင်းယင်လုံအိမ်သာကို အိမ်ထောင်စု အားလုံး သုံးစွဲကြပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများသည် မြေယာအနည်းငယ်ပိုင် တောင်သူ၊ မြေယာမဲ့တောင်သူနှင့် လက်လုပ်လက်စားကျပန်းများသည် သဘာဝဘေးအန္တရာယ်နှင့် စားနပ်ရိက္ခာမ ဖူလုံသည့် အခြေအနေကြုံတွေ့ပါက ထိခိုက်ခံစားရလွယ်ကူ နိုင်ပါသည်။ မြစ်ကမ်းဘေးတွင် နေထိုင်သူများ

သည့်လည်း အချိန်မရွေးမြေပြိုခြင်းအန္တရာယ်ကျရောက် နိုင်သဖြင့် ထိခိုက်ခံစားရ လွယ်ကူပါသည်။ ဆေးစွဲသူများမှာ ကူးစက်ရောဂါ အလွယ်တကူကျရောက်နိုင်သောကြောင့် ထိခိုက်ခံစားလွယ်ကူနိုင်ပါသည်။

မြေဆီလွှာအခြေအနေ၊ အပင်မျိုးစိတ်များ၊ ရေအရင်းအမြစ်၊ ငါးမျိုးကွဲများ၊ တိရစ္ဆာန်မျိုးကွဲများ နှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတို့တွင် အန္တရာယ်ရှိမှု လတ်ဖြစ်သည်။ သဘာဝပေါက်ပင်နှင့် တိရစ္ဆာန်မျိုးစိတ်များကို ထုတ်ယူသုံးစွဲခြင်းကြောင့် ရှားပါးလာပြီဖြစ်သည်။ တိရစ္ဆာန်ကူးစက်ရောဂါများ အနည်းငယ်ရှိသည်။ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ဓာတုဆေးများကို စနစ်တကျသုံးစမှုမရှိခြင်း၊ အလွန်အကျွံသုံးစွဲနေခြင်းကြောင့် ဖျက်ပိုးနှင့် မှိုရောဂါ ကာကွယ်ထိန်းချုပ်မှုတွင်လည်း အန္တရာယ်ရှိမှု မြင့်ဖြစ်သည်။

**၉။ ကျား–မရေးရာ ကိစ္စရပ်ဆိုင်ရာ**

**မိုးဖိန်း**ကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများ တက်ကြွစွာပါဝင် ဆောင်ရွက်ကြသည်။စီမံအုပ်ချုပ်မှုပိုင်းတွင် အမျိုးသမီးများ ပါဝင်ခြင်းမရှိပေ။ကျေးရွာရှိ မြစိမ်းရောင် စီမံကိန်းကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းရာတွင်မူ အမျိုးသမီးများသည် ကော်မတီဥက္ကဋ္ဌရာထူး များတွင် အရွေးချယ်ခံပြီး မျိုးသားများနှင့် တန်းတူအချိုးညီညီ ၄း၃၊၃း၄ ပါဝင်လှုပ်ရှား လျက်ရှိသည်။ မျိုးသမီးများအား အကြမ်းဖက်မှု မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားဥပဒေ ဆိုင်ရာအသိပညာများ အားနည်းကြပါသည်။ အိမ်တွင်းအကြမ်းဖက်မှုကာကွယ်ခြင်းဥပဒေသင်တန်းများ၊ ကာကွယ်စောင့်ရှောက် နည်း သင်တန်းများ၊ ကိုယ်ခံပညာသင်တန်း များဖွင့်လှစ်ပေးရန် လိုအပ်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ(မိုးဖိန်းကျေးရွာ)

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ဦးစားပေး အဆင့် |
|---|---|---|---|
| ၁ | လမ်းတံတားနှင့် အခြေခံအဆောက်အဦ ဖွံ့ဖြိုးမှု စီမံကိန်း | ၁*။ ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း (ဈေးအနောက်လမ်း/အောက်ရွာမကြီးလမ်းသွယ်)<br>၂*။ မိုးဖိန်း-တာမိုင်းလုံကျေးရွာချင်းဆက်လမ်းအား မြေသားလမ်း မှ ကျောက်ချောလမ်းတည်ဆောက်ခြင်း<br>၃*။ မိုးဖိန်း-သာစည် ကျေးရွာချင်းဆက်လမ်း တည်ဆောက်ခြင်း<br>၄*။ ကျေးလက်ဈေးတည်ဆောက်ခြင်း | ၁ |
| ၂ | စိုက်မွေးမဟုတ်သော အသက်မွေးဝမ်း ကျောင်းနည်းပညာ ဖွံ့ဖြိုးမှုနည်းပညာ | ၁*။ ဝရိန်ဆော်သင်တန်း<br>၂*။ ဆိုင်ကယ်ပြင်သင်တန်း<br>၃*။ အပ်ချုပ်စက်သင်တန်း(အခြေခံ)<br>၄။ ပန်းရံ/လက်သမားအခြေခံသင်တန်း<br>၅။ အလှပြင်သင်တန်း<br>၆။ မုံ့အမျိုးမျိုးပြုလုပ်နည်းသင်တန်း<br>၇။ ခေါင်းလျှော်ရည်/အလှကုန်ထုတ်လုပ်မှုသင်တန်း | ၂ |
| ၃ | စိုက်ပျိုးရေးနည်းပညာ ဖွံ့ဖြိုးရေးစီမံကိန်း | ၁*။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းမှုသင်တန်း<br>၂*။ သဘာဝမြေဆွေးပြုလုပ်နည်းသင်တန်း<br>၃။ သီးလှည့်စနစ်စိုက်ပျိုးနည်းသင်တန်း<br>၄။ မြေဆီလွှာပြုပြင်ထိန်းသိမ်းနည်းသင်တန်း<br>၅။ ကိုင်းကူးကိုင်းဆက်သင်တန်း | ၃ |
| ၄ | သဘာဝပါတ်ဝန်းကျင် ထိန်းသိမ်းရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ပုဂ္ဂလိကသစ်တောစိုက်ခင်းထူထောင်ခြင်း(ကျွန်း၊ရေမနေ)<br>၂*။ ကျေးရွာအမှိုက်ပုံးထားရှိခြင်း<br>၃။ အမှိုက်သိမ်းယာဉ်ထူထောင်ခြင်း | ၄ |
| ၅ | ပညာရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။စာသင်ကျောင်းဝင်းအတွင်းရေသန့်စက် တပ်ဆင်ခြင်း<br>၂။ ကျောင်းသုံးပရိဘောဂများ<br>၃။ မူကြိုကလေးကစားကွင်းတည်ဆောက်ခြင်း<br>၄။ ဆင်းရဲသားပညာရေးရံပုံငွေထူထောင်ခြင်း | |
| ၆ | သဘာဝဘေးလျှော့ချ ရေးဖွံ့ဖြိုးမှု စီမံကိန်း | ၁။ မီးသတ်ရေကန် ဆောက်လုပ်ခြင်း နှင့်လက်ဆွဲမီးသတ် စက်ထူထောင်ခြင်း<br>၂။ မီးသတ်ကားဝယ်ယူခြင်း | |
| ၅ | လူငယ်ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ ရိုးရာတီးဝိုင်း/ ခေတ်ပေါ်တီးဝိုင်းထူထောင် ခြင်း<br>၂။ အားကစားပစ္စည်းများ ပံ့ပိုးခြင်း<br>၃။ယဉ်စည်းကမ်း/လမ်းစည်းကမ်းထိန်းသိမ်းမှု | |

| | | | |
|---|---|---|---|
| | | အသိပညာပေးသင်တန်း<br>၄။ မူးယစ်ဆေးကာကွယ်တားဆီးရေးအသိပညာပေး သင်တန်း<br>၅။ လူကုန်ကူး ကာကွယ်တားဆီးရေးအသိပညာ ပေး သင်တန်း<br>၆။ နှစ်စဉ်စာပေဟောပြောပွဲ ကျင်းပခြင်း<br>၇။ ခေတ်မီစာကြည့်တိုက်ထူထောင်ခြင်း<br>၈။ အင်တာနက် အကျိုးရှိရှိ အသုံးပြုနည်းသင်တန်း<br>၉။ ကိုယ်ခံပညာသင်တန်း<br>၁၀။ ကွန်ပျူတာသင်တန်း<br>၁၁။ အင်္ဂလိပ်စာသင်တန်း | |
| ၆ | အမျိုးသမီးများစွမ်းဆောင်ရည်ဖွံ့ဖြိုးမှု စီမံကိန်း | ၁။ အိမ်တွင်းအကြမ်းဖက်မှု ကာကွယ်ခြင်း ဥပဒေသင်တန်း<br>၂။အမျိုးသမီးများစွမ်းဆောင်ရည်မြှင့်တင်ခြင်း သင်တန်း<br>၃။ အမျိုးသမီးကာကွယ်စောင့်ရှောက်နည်းသင်တန်း | |
| ၇ | ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု ဖွံ့ဖြိုးရေး စီမံကိန်း | ၁။ မြစိမ်းရောင်စီမံကိန်း<br>၂။ မွေးမြူရေးမြစိမ်းရောင်စီမံကိန်း<br>၃။ အတိုးနှုံးသက်သာသော နှစ်ရှည်ချေးငွေ | |
| ၈ | မွေးမြူရေးနည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ တိမွေးကုမွမ်းမံသင်တန်း<br>၂။ ကာကွယ်ဆေးထိုးခြင်း<br>၃။ ဥစား/အသားစား စံပြမွေးမြူခြင်း | |
| ၉ | စိုက်ပျိုးရေးသီးနှံထုတ်လုပ်မှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။ စပါး၊ပြောင်း၊မုံညှင်း၊နှမ်းမျိုးကောင်းမျိုးသန့် ရရှိရေး<br>၂။လယ်ယာသုံးစက်ကရိယာ အရစ်ကျရောင်းချခြင်း<br>၃။ နှစ်ရှည်ပင်မျိုးကောင်းမျိုးသန့်စိုက်ပျိုးခြင်း (ကြက်မောက်၊ မဆလာ၊ ကွမ်းသီး၊ ဂရိတ်ဖရု၊ ဒညင်း၊ တရုပ်ဆီးသီး/နှင်းသီး) | |
| ၁၁ | အဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဖွံ့ဖြိုးရေးစီမံကိန်း | ၁။အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုသင်တန်း<br>၂။ လေ့လာရေးခရီး | |
| ၁၂ | ကျန်းမာရေး နည်းပညာဖွံ့ဖြိုးမှုစီမံကိန်း | ၁။ အရံသားဖွါးသင်တန်း<br>၂။ ရေးဦးသူနာပြုသင်တန်း<br>၃။ တိုင်းရင်းဆေးသင်တန်း<br>၄။ ကျန်းမာရေးအသိပညာပေးသင်တန်း | |
| ၁၃ | မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးမှုစီမံကိန်း | ၁။ တိရိစ္ဆာန် မျိုးကောင်းမျိုးသန့်ရရှိရေး | |
| ၁၄ | သဘာဝဘေးလျှော့ချရေးဖွံ့ဖြိုးမှုစီမံကိန်း | ၁။ မီးသတ် ရေကန်ဆောက်လုပ်ခြင်းနှင့် လက်ဆွဲ မီးသတ်စက်<br>၂။ ရေဝတီမြစ်ရေထိန်းနံရံတည်ဆောက်ခြင်း<br>၃။ သဘာဝဘေးလျှော့ချရေးသင်တန်း | |

**လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ**
**(မိုးဖိန်းကျေးရွာ၊မိုးဖိန်းကျေးရွာအုပ်စု၊ဗန်းမော်မြို့နယ်)**
**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

(၁)  ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

**(က)  လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၅ | ၄ | ၉ | ၀.၈၇ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၀ | ၁၉ | ၃၉ | ၃.၇၉ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၀ | ၄၅ | ၈၅ | ၈.၂၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၆၀ | ၈၄ | ၁၄၄ | ၁၃.၉၉ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၂၈ | ၃၄၁ | ၆၆၉ | ၆၅.၀၁ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၂၇ | ၅၆ | ၈၃ | ၈.၀၆ |
| **စုစုပေါင်း** | | **၄၈၀** | **၅၄၉** | **၁၀၂၉** | **၁၀၀** |
| **စုစုပေါင်း အိမ်ထောင်စု (၂၅၁)** | | **တစ်အိမ်ထောင်ပျမ်းမျှလူဦးရေ= ၄.၀၉** | | | |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။**  ။ မိုးဖိန်းကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၅၁) ရှိပြီး လူဦးရေပေါင်း (၁၀၂၉)ဦး၊(ကျား၄၈၀+မ၅၄၉) ရှိသည်။ တစ်အိမ်ထောင်ပျမ်းမျှ (၄.၀၉)ဦး ရှိသောကြောင့် လူဦးရေ တိုးပွါးမှုမှာ မြန်မာနိုင်ငံ၏ စံနှုန်းဖြစ်သော ၅ ယောက်နှုန်းထက် နည်းသည်ကို တွေ့ရသဖြင့် လူဦးရေ တိုးပွါးမှု နည်းသည်။ ကျေးရွာတွင် နို့စို့အရွယ်ကလေးငယ် စုစုပေါင်း (၉) ဦး၊ (၀.၈၇%) သာရှိသဖြင့် ယခုနှစ်များတွင်ကလေးမွေးဖွါးနှုန်းကျဆင်းနေသေးသည်ကို တွေ့ရသည်။ ၅ နှစ်အောက်ကလေး(၃၉)ဦး (ကျား၂၀+ မ ၁၉) (၃.၇၉%) ရှိပါသည်။ လူဦးရေအသင့်အတင့်ရှိပြီးကာကွယ် ဆေးထိုးရမည့် ကလေးနှင့် မူကြိုကျောင်း တက်ရောက် နိုင်သည့် ကလေးအရေအတွက်ကို အတိအကျသိနိုင်ပြီး ကာကွယ်ဆေးထိုးနှံမှု အောင်မြင်မှုအခြေအနေကို အလွယ်တကူ တိုင်းတာတွက်ချက်နိုင်မည်။ မူကြိုကျောင်းလိုအပ်မှုရှိ မရှိကိုလည်း အလွယ်တကူ ဆန်းစစ်နိုင်သည်။ မူလတန်းအရွယ် ကလေး (၈၅)ဦး (ကျား ၄၀+မ ၄၅) (၈.၂၆%) နှင့် အလယ်တန်းကျောင်းသားအရွယ် (၁၄၄)ဦး (ကျား ၆၀+မ ၈၄) (၁၃.၉၉%) နှင့် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ခြင်းရှိ/မရှိကို အလွယ်တကူ တိုင်းတာနိုင်မည်။ အလုပ်လုပ်နိုင်သော အရွယ် (၆၆၉)ဦး (ကျား၃၂၈+မ၃၄၁)၊(၆၅.၀၁%)ရှိသောကြောင့် အလုပ်လုပ်နိုင်သောလူဦးရေ များပြားသည်ကို တွေ့ရသည်။၄င်းတို့ကို အလုပ်အကိုင်ဖန်တီးပေးခြင်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ကျွမ်းကျင် တတ်မြောက်အောင်စွမ်းရည်မြှင့်တင်ပေးနိုင်ပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူဖြစ် မည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်တွင် အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေ ထက် (၁၃) ဦး (၁.၂၆%) ပိုများနေသည်ကို တွေ့ရသည်။ ကျေးရွာတွင် သက်ကြီးရွယ် ကြီး (၈၃)ဦး (ကျား ၂၇+မ ၅၆ဦး=၈၃ဦး) အမျိုးသမီးဦးရေသည် (၂၉)ယောက်ပိုသဖြင့် (၂.၈၁%) ရှိသဖြင့် ကျေးရွာတွင် ကျန်းမာရေးအခြေအနေ ကောင်းသည်ဟု ခန့်မှန်းနိုင်ပါသည်။ သက်ကြီးရွယ်ကြီး တွင်လည်း အမျိုးသမီးဦးရေသည် အမျိုးသားဦး ရေထက် (၃၆)ဦး (၂ဆ)ကျော် ပိုများနေသည်ကို တွေ့ရသဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် အသက်ရှည် သည်ကိုတွေ့နိုင်သည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

### (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၄၀ | ၄၄၃ | ၁၇ | မြင့် ☐ လတ် ☒ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | ၁၈၉ | | မြင့် ☐ လတ် ☒ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☒ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☒ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၄ | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | **ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁၅ | | ၁၆ | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☒ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☒ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၂၆၉ | ၆၃၆ | ၃၃ | ☒ |

**ရင်းမြစ် ... (၁) ဆယ်အိမ်စုဆွေးနွေးပွဲ၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်း တစ်ခုတွင်

ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တည်ထောင်လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ မိုးဖိန်း(မိုးဖိန်း)ကျေးရွာတွင် အိမ်ခြေ ၂၅၁ ရှိသည့်အနက် တစ်ရွာလုံးကစိုက်ပျိုးရေးကို အဓိက လုပ်ကိုင်သူ (၂၄၀) အိမ် (ကပ ၂၄၀ + လသ ၁၀) အိမ်နှင့် အလုပ်လုပ်သူဦးရေ ၄၄၃ ဦး (ကပ၂၆၉+လသ၁၀)၊ ထို့ကြောင့် စုစုပေါင်း လုပ်ငန်းပေါင်း(၂၇၉) (အဓိကအလုပ်အကိုင် ၂၂၃+ တွဲဖက်အလုပ်အကိုင်၁၅)ခု ရှိပြီး အလုပ်လုပ်ကိုင်သူ(၆၃၆)ဦး ရှိသည်။ဇယား(၁)တွင် အလုပ်လုပ်နိုင်သော အရွယ် (၆၆၉)ဦး ရှိသော်လည်း ယခုကျေးရွာတွင် အလုပ်လုပ်ကိုင်သူဦးရေ စုစုပေါင်းမှာ(၆၃၆)ဦး ရှိသောကြောင့် အလုပ်လုပ်နေသောအရေအတွက်မှာ အလုပ်လုပ်နိုင်သူ လူဦးရေထက် (၃၃)ဦး နည်းနေကြောင်း တွေ့ရပါသည်။ အရေအတွက် မှာဈေးရောင်းသူ ၁၅ အိမ်၊ အိမ်များတွင် အငှါးလိုက်ကျပန်းလုပ်ကိုင်သူ (၁၀) အိမ်ရှိသည်။ တွဲဖက်လုပ်ငန်း လုပ်ကိုင်သူ (၃၃) ဦးရှိသည်ကို ကြည့်ခြင်းအားဖြင့် (၄၃)ဦးသည်လည်း မိသားစုစားဝတ်နေရေး၊ ရပ်တည်ရေးအတွက် လုပ်ငန်းတစ်မျိုးထက်ပို၍ အလုပ်လုပ် နေကြရသည်။

### (ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၁၀၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၁၀၀၀၀ | | ၈၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀<br>၁၀၀၀၀ | ၈၀၀၀<br>၈၀၀၀ | | |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ–လက်ကား ရောင်းဝယ်ရေး | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်** (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

**လေ့လာတွေ့ရှိချက်။** ။မိုးဖိန်း(မိုးဖိန်း)ကျေးရွာတွင် ဝင်ငွေရလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေး လုပ်ငန်း၊ လက်လီလက်ကားရောင်းဝယ်ရေး၊ ထုတ်ကုန်လုပ်ငန်းနှင့် ဆောက်လုပ်ရေး (လက်သမား/ပန်းရံ) လုပ်ငန်း (၄) မျိုး တည်းသာရှိသည်။ ကျေးရွာ၏ အဓိကလုပ်ငန်းဖြစ်သော လယ်ယာစိုက်ပျိုးရေး လုပ်ငန်းမှာလည်း

တစ်ပိုင်တစ်နိုင်သာ လုပ်ကိုင်လေ့ရှိပြီး စီးပွါးဖြစ်မဟုတ်သောကြောင့် ပုံမှန်အလုပ်အကိုင် မရှိကြပါ။ ရာသီချိန်တွင်သာ အလုပ်ရကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် အမျိုးသားများမှာ ၈၀၀၀ ကျပ်ရကြသော်လည်း အမျိုး သမီးများမှာ ၆၀၀၀ ကျပ်သာရကြသဖြင့် ကျား/မ လုပ်အားခ များစွာခွဲခြားခံရသည်ကို တွေ့ရသည်။ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည်။ မြေယာမဲ့များအတွက် အလုပ်အကိုင်ပုံမှန်မရှိသောကြောင့် ပြင်ပပြည်တွင်းပြည်ပ (တရုတ်) သို့ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ကြရ သည်။ထုတ်ကုန်လုပ်ငန်းတွင် အမျိုးသားနှင့် အမျိုးသမီးလုပ်အားခ တန်းတူရကြပြီး ကျား/မလုပ်အားခခွဲခြားမှုမရှိပါ။ ဆောက်လုပ်ရေးလုပ်ငန်းတွင် အမျိုးသားများသာအလုပ်အကိုင်ရှိပြီး အမျိုးသမီးများအနေဖြင့် အလုပ်အကိုင်မရ ကြပါ။

**(ဂ) သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| လယ်မြေ | ၉၈၂ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | ၂၇ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | ၅ | ကောင်း ☐ သင့်☒ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ် မြေလပ် | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စုစုပေါင်း | ၁၀၁၄ | ☒ |

**ရင်းမြစ်** ... (၁) **ဆယ်အိမ်စုဆွေးနွေးပွဲ၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၃) **လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊** (၄) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။**

**လေ့လာတွေ့ရှိချက်။ ။ မိုးဖိန်း**ကျေးရွာတွင်**လယ်** ၉၈၂ ဧက၊ ယာ -ဧက၊ ဥယာဉ်ခြံမြေ ၂၇ဧက နှင့် ကိုင်း/ကျွန်းမြေ ၅ ဧက၊ ပြောင်းဖူးစိုက်ပျိုးမြေ (၉၈၂) ဧက၊ စုစုပေါင်းစိုက်ပျိုးမြေ တစ်ရွာလုံးတွင် (၁၀၁၄)ဧက ရှိသည်။ မြေဆီလွှာအရည်အသွေးအနေနှင့် သင့်သည်ကို တွေ့ရသည်။ ကျေးရွာတွင် စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေလပ် မရှိကြတော့ပါ။ စိုက်ပျိုးမြေအနည်းစုမှာ ပုံစံ(၇) မရကြသေးပါ။ ပုံစံ(၇) ရရှိရေး မြေစာ ရင်း ဦးစီးဌာနသို့ တင်ပြထားသော်လည်း ယခုအထိပုံစံ (၇) မရကြသေးသောကြောင့် အမြန်ရရှိရန် တင်ပြကြပါသည်။ မြေယာပိုင်ဆိုင်မှု ပုံစံ (၇) မှာ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူ အားလုံးနီးပါး ပိုင်ဆိုင်ကြသည်။ ပုံစံ (၇)မရှိသူကျေးရွာတွင် အနည်းအကျဉ်းသာ ရှိပါသည်။

**(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ**

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့် အခြားတွင်းထွက်သယံ ဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်၊ ရွှေ စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့ ☐ တိုး ☐ |

| အမျိုးအစား | ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| | | | အပြောင်းအလဲမရှိ ☒ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒ |
| သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☒ နည်း ☐ မရှိ ☐ | ☒ | လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ-မြေပေါ်ရေ(အင်းအိုင်၊ကန်၊ချောင်း၊မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ-မြေအောက်ရေ(တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☒ သင့် ☐ နည်း ☐ မရှိ ☐ | လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☒ အပြောင်းအလဲမရှိ ☐ |
| သစ်တော-အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☒ မရှိ ☐ | လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐ | လျော့ ☒ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော-ဒီရေတော | များ ☐ သင့် ☐ နည်း ☐ မရှိ ☒ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☒ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီး ဌာန။**

**လေ့လာတွေ့ရှိချက်။** ။ မိုးဖိန်း(မိုးဖိန်း) ကျေးရွာတွင် သဘာဝအရင်းအမြစ် များအနေဖြင့် သတ္တုနှင့် အခြား တွင်းထွက် သယံဇာတများ မရှိပါ။ ဆောက်လုပ်ရေးအတွက် သဲနှင့် ကျောက်များ အနည်းငယ်သာ ရှိပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် နွားစာနှင့် ဆေးဖက်ဝင် (ဆင်တုံး မနွယ်၊) အနည်းငယ်သာရှိသည်။ ထိရောက်စွာအသုံးချနိုင်မှုမရှိ။ စည်းကမ်းမဲ့ ခုတ်လှဲ ထုတ်ယူခြင်း၊ပြည်ပမှ လာရောက်ထုတ်ယူခြင်းကြောင့် မျိုးသုန်းပျောက်ကွယ်လု ရှားပါးလာသည်။ သဘာဝပေါက်ပင်များကို စီမံခန့်ခွဲမှုကျွမ်းကျင်မှုမရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိ အသုံးမပြုနိုင်ကြပါ။ တိုင်းရင်းဆေးပညာသင်ကြားနိုင်ပါက ကျေးရွာ ဖွံ့ဖြိုးရေးအတွက် အကျိုးရှိလာမည်ဖြစ်သည်။

သဘာဝတောရိုင်းတိရစ္ဆာန်အနေဖြင့် (ဂျီ၊ တောဝက်၊ ဆတ်၊ မျောက်လွှဲကျော်၊ သင်းခွေကျပ်၊ တောကြက်၊ တောကြောင်၊ သစ်ခေါက်ငှက်၊ ဖျိုင်းမျိုးစုံ၊ ချိုး၊ ကြက်တူရွေး၊ ရှဥ့်ငပေါ မျာစွာရှိသော် လည်း စည်းကမ်းမဲ့ ဖမ်းယူစားသောက်ကြသောကြောင့် တဖြည်းဖြည်းရှားပါးလာပြီး မျိုးသုန်းပျောက် ကွယ် ကုန်ကြပြီ ဖြစ်သည်။ သဘာဝတောရိုင်းတိရစ္ဆာန်များကို ကျေးရွာဖွံ့ဖြိုးရေးအတွက် အကျိုးရှိရှိအ သုံးပြုရန် ဗဟုသုတနှင့် ကျွမ်းကျင်မှုမရှိကြပါ။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိ သောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည် သောအိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | ၁၅ ကေအထက် | ၅-၁၅ ကေအကြား | ၁-၅ ကေအကြား | မြေယာမဲ့ |
| အိမ်အခြေအနေ | ကာလာသွပ်မိုး၊ တိုက်/အုပ်အ ကာ၊ ပျဉ်ထောင် ပျဉ်ခင်း | ရိုးရိုးသွပ်မိုး၊ ပျဉ်ထောင်ပျဉ်ခင်း /ထရံကာ၊ ပျဉ်ခင်း | ရိုးရိုးသွပ်အမိုး/ ထရံကာ၊ ကြမ်း ခင်း၊ | သက္ကယ်မိုး၊ ထရံ ကာ၊ မြေစိုက်/ဝါး ကြမ်းခင်း |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု | ထွန်စက် ၁ စင်း၊ လက်တွန်းထွန်စက် ၁ စင်း၊ရေစုပ် စက် ၁ ခု၊ ထော် လာဂျီ ၁ စီး၊ ဂျစ် ကား ၁ စီး၊ကျွဲ/ နွား ၁၀-၁၀ ကောင် | လက်တွန်းထွန် စက် ၁ စင်း၊ ရေ စုပ်စက် ၁ ခုရှိ/မရှိ၊ ထော် လာဂျီ ၁ စီးရှိ/မရှိ။ ကျွဲ/နွား ၃-၁၀ ကောင် | ထော်လာဂျီ ၁ စင်း၊ ကျွဲ/နွား ၁-၃ ကောင် | ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တံဇဉ် နှင့် ဝက်၊ ကြက် စသည်။ |
| ကုန်ထုတ်လုပ်မှုနှင့် မဆိုင်သော ပိုင်ဆိုင်မှု | ကား ၁-၂ စီး၊ ဆိုင်ကယ် ၁-၂ စီး၊ တယ်လီဖုန်း ၃ - | ဆိုင်ကယ် ၁ စီး၊ တယ်လီဖုန်း ၂-၃ | ဆိုင်ကယ် ၁စီး လိုင်စင်မဲ့၊ စက် | စက်ဘီး ၁ စီး၊ ဖုန်း ၁ လုံး၊ ခေါက်တီ ဗီ ၁ ခု။ |

| အကြောင်း အရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသောအိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သောအိမ်ထောင်စု |
| | ၅လုံး၊ တီ ဗီ ၁ ခု၊စလောင်း ပီအက်အိုင်/စကိုင်းနက် ၁ ခု။ ရေ ခဲသေတ္တာ ၁ ခု၊ | လုံး၊ တီဗီ ၁ ခု၊ စလောင်း ၁ ခု။ | ဘီး ၁ စီး၊ တယ် လီဖုန်း ၁-၂ လုံး၊ ခေါက်တီဗီ ၁ ခု၊ | |
| အဓိကစီးပွားရေး လုပ်ငန်း | တောင်သူကြီး/အရောင်း အဝယ် | ဈေးဆိုင်၊ တောင်သူလတ် | တောင်သူငယ်/ ဆင်းရဲသား တောင်သူ | ကျပမ်း၊ နေ့စား |
| အိမ်ထောင်စု (၂၅၁) | ၁၇ (၆.၇၇ %) | ၁၀၅(၄၁.၈၃ %) | ၁၀၄ (၄၁.၄၃%) | ၂၅ (၉.၉၆%) |

**ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ မိုးဖိန်း(မိုးဖိန်း) ကျေးရွာတွင် အိမ်ခြေ ၂၅၁ အိမ်ရှိပြီး အဆင့် ၁ (၁၇) အိမ် (၆.၇၇ %)၊ အဆင့် ၂ (၁၀၅)အိမ် (၄၁.၈၃%)၊ အဆင့် ၃ (၁၀၄) အိမ် (၄၁.၃၃%)၊နှင့် အဆင့် ၄ (၂၅) အိမ် (၉.၉၆%) ရှိသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ ထုတ်လုပ်မှုနှင့်ဆိုင်သောပစ္စည်းပိုင်ဆိုင်မှုနှင့် ထုတ်လုပ်မှုနှင့် မဆိုင်သော ပစ္စည်းများပိုင်ဆိုင်မှုများသည် ကျေးရွာစီးပွါးဥစ္စာဓနအဆင့်ခွဲရာတွင် အဓိကအရေးပါသည်ကို တွေ့ရသည်။ ကျေးရွာတွင် အဆင့် ၁ နှင့် အဆင့် ၂ အိမ်အရေအတွက်မှာနည်းပြီး ၁၂၂ အိမ်ထောင်စု၊ အဆင့် ၃ (၁၀၄) အိမ် (၄၁.၄၃%) ရှိပြီး ပိုင်ဆိုင်မှုအနေဖြင့်လည်း များပြားစွာပိုင်ဆိုင်ကြပြီး ဝမ်းစာဖူလုံကြ သော်လည်း အဆင့် (၃) အဆင်မပြေနှင့် အဆင့်(၄) အလွန်အဆင်မပြေ အရေအတွက်မှာ ၁၂၉ အိမ်အနက် ၃၄ အိမ် (၁၃.၅၄%) ရှိသည်။ အဆင့်(၃) အဆင်မပြေနှင့် အဆင့် (၄) အလွန်အဆင်မပြေ အရေအတွက်မှာ အရေအတွက် အားဖြင့် များသော်လည်း ပိုင်ဆိုင်မှုမှာ အလွန်နည်းပြီး ဝမ်းစာဖူလုံမှုမရှိကြပါ။ ထို့ကြောင့် ရာသီအလိုက်ခက်ခဲစွာ ရှာဖွေလုပ်ကိုင်စားသောက်ကြရသည်။ အများစုဖြစ်သော အဆင့် ၃နှင့် အဆင့် ၄ အိမ်ထောင်စုများသည် အဆင့်၁နှင့် အဆင့်၂အိမ်များသို့ ကျပမ်းသွားရောက် လုပ်ကိုင်ကြရသော်လည်း ပုံမှန်အလုပ်အကိုင်မရှိ၊ လုပ်အားခမှာလည်း အလွန်နည်းသောကြောင့် ပြင်ပတရုပ်ပြည်သို့ ရွှေ့ပြောင်းသွားလာ လုပ်ကိုင်စားသောက်ကြရာတွင် လုပ်အားခမရခြင်း၊ လူကုန်ကူခံ ရခြင်းများရှိသည်။

### (င) ထိခိုက်လွယ်မှု

### (င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီမှကောက်ယူမည်)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု | ၁၃ | အခြားအစာပြောင်းလဲစား = ____မရှိ______<br>အစာလျှော့စား = _____မရှိ______<br>အထောက်အပံ့ယူ = ______ရှိ_____<br>ချေးယူ = _____ရှိ______<br>လုပ်အားခကြိုယူ = _____ရှိ______ |
| ၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု | ၃၀ | အခြားအစာပြောင်းလဲစား = ______မရှိ_____<br>အစာလျှော့စား = _____မရှိ______ |

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်) |
|---|---|---|
| | | အထောက်အပံ့ယူ = ______ရှိ______<br>ချေးယူ = _____ရှိ________<br>လုပ်အားခကြိုယူ = ______ရှိ_______ |

ရင်းမြစ်..ဥစ္စာခနေအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

**လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် အဆင့် (၃) ၃၄ အိမ်နှင့် အဆင့်(၄) ၈အိမ်ရှိသောကြောင့် ဝမ်းစာဖူလုံမှုနှင့် အကြွေးတင်ရှိမှုစစ်တမ်းကို အဆင့် (၃) မှ ၃၄ အိမ်နှင့် အဆင့် (၄) မှ ၈ အိမ်ကို စစ်တမ်း ကောက်ယူရမည်ဖြစ်သည်။**

**(င-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

**ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ**

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက် | ၂ | ၃ | ၅ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု | ၃၀ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု | ၁၀ | | |
| အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု | - | | |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။ မိုးဖိန်း(မိုးဖိန်း) ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ် အို ၆၄ နှစ်နှင့် အထက် သက်ကြီးရွယ်အိုမရှိပါ။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စု (၃၀)ခန့်ရှိပြီး၊ ဆင်းရဲ၍ မိသားစုဦးရေများသောအမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စု (၃၀)ရှိပါ သည်။ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများနေသည်မှာ အမျိုးသားများ မူးယစ်ဆေးသုံးစွဲခြင်းနှင့် ကျန်းမာရေးဗဟုသုတအားနည်း ခြင်း တို့ကြောင့်ဖြစ်ပြီး အမျိုးသမီးများ သေဆုံးရခြင်းမှာ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းပြီး ကျန်းမာရေးဌာနသို့ အချိန်မီမရောက်ရှိ နိုင်ခြင်း တို့ကြောင့်ဖြစ်သည်။

**(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ**

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၃ | ရေကြီးခြင်း | မြင့် ☐ လတ် ☒ နိမ့် ☐ မရှိ ☐ |
| ၄ | မိုးခေါင်ခြင်း | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၅ | အအေးလွန်ကဲခြင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၆ | မုန်တိုင်း | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၇ | ငလျင် | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၈ | မီးဘေး | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၉ | ဆားငန်ရေဝင်မြေ | မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☒ |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |
| ၁၁ | သစ်တောပြုန်းတီးခြင်း | မြင့် ☒ လတ် ☐ နိမ့် ☐ မရှိ ☐ |
| ၁၂ | ငှက်ဖျားရောဂါ | မြင့် ☐ လတ် ☐ နိမ့် ☒ မရှိ ☐ |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁၃ | **တီဘီရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၄ | **ကိုယ်ခံအားကျဆင်းမှုရောဂါ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၅ | **ပြည်တွင်း ပဋိပက္ခ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၆ | **တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု** | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၇ | **လူကုန်ကူးခြင်း** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၈ | **ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မိုးဖိန်းကျေးရွာအုပ်စု(မိုးဖိန်း)ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ အရ စားနပ်ရိက္ခာမဖူလုံမှု ထိခိုက်လွယ်မှုတွင် နိမ့်အဆင့်ဖြစ်သည်။ သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) ထိခိုက်လွယ်မှုတွင် မရှိပါ။ မိုးဖိန်းကျေးရွာသည် တာပိန်မြစ်ဘေးတွင်တည်ရှိသောကြောင့် ရေကြီးခြင်းတွင် နှစ်စဉ်ဖြစ်၍ လူနှင့်တိရိစ္ဆာန်များ၊ စိုက်ပျိုးသီးနှံများ ရေနစ်ပျက်စီးဆုံးရှုံးမှု ရှိသောကြောင့် ထိခိုက်လွယ်မှုမှာ လတ်ဖြစ်သည်။ ထိုကြောင့် တာပိန်မြစ် မြေထိန်းနံရံ/ ရေကာတာ ဆောက်လုပ်ရန် လိုအပ်သည်။ သဘာဝဘေးလျှော့ချ သင်တန်း လိုအပ်သည်။ အအေးလွန်ကဲခြင်း၊ မုန်တိုင်း၊လျှော် ဘေး ထိခိုက်သက်ရောက်မှု မရှိပါ။မီးဘေး ထိခိုက်မှု နိမ့်ဖြစ်သည်။

မြေပြိုခြင်းမြေဆီလွှာပျက်ယွင်းမှုတွင် ထိခိုက်မှုအဆင့် လတ်ဖြစ်သည်။သစ်တောပြုန်းတီးခြင်း၊ မြင့်မားလျက်ရှိသည်။ငှက်ဖျားရောဂါ၊တီဘီရောဂါ၊ ကိုယ်ခံအားကျဆင်းမှုရောဂါ ဖြစ်ပွားမှုနိမ့်သည်။ ပြည်တွင်းပဋိပက္ခမရှိပါ။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု နှစ်စဉ်ဖြစ်ပွားလျက်ရှိပြီး ထိခိုက်သက်ရောက်မှု တွင် လတ်ဖြစ်သည်။လူကုန်ကူးခြင်းနှင့်ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု စသည်တို့တွင် ထိခိုက်သက်ရောက်လွယ်မှု မရှိပါ။

လူငယ်များ မူးယစ်ဆေးသုံးစွဲခြင်းနှင့် အပျော်အပါးလိုက်စားခြင်းကြောင့် ကိုယ်ခံအားကျဆင်းမှု ရောဂါတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်မှုမရှိသေးသဖြင့် မကြာခဏ တိုက်ပွဲများ ဖြစ်ပွါးမှု ရှိသောကြောင့် ပြည်တွင်းပဋိပက္ခတွင်လည်း ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ပုံမှန်သွားလာသည့် ယာဉ်မရှိသောကြောင့် ဝေးလံခေါင်သီမှု တွင် ထိခိုက်သက်ရောက်လွယ်မှု လတ်ရခြင်းဖြစ်သည်။

မုန်တိုင်း၊ မီးဘေး၊ မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု၊ တီဘီရောဂါ၊ COVID–19 ရောဂါ ကူးစက်မှု လူ(၅၀)အား စစ်ဆေးမှုပြုရာတွင် လူ(၉)ယောက်မှာ ပိုးတွေ့ရှိရသဖြင့် ကူးစက်မှု လတ်ဖြစ်သည်။ တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှုတွင် လတ်ဖြစ်သည်။

ကျန်ထိခိုက်လွယ်မှု အမျိုးအစားများမိုးခေါင်ခြင်း၊ အအေးလွန်ကဲခြင်း၊ လျှော်၊ ဆားငန်ရေဝင် မြေ၊ လူကုန်းကူးခြင်းတို့မှာ ထိခိုက်သက်ရောက်လွယ်မှု မရှိဖြစ်သည်။

**(င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ**

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၁ | **လူငယ်** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၂ | **အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၃ | **မြေယာမဲ့၊ ဆင်းရဲသားတောင်သူ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၄ | **သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော ဒေသတွင် နေထိုင်သူ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၅ | **မြစ်ကမ်းဘေး နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

| စဉ် | ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ | ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|
| ၆ | **မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ** (Prone to accident) **တွင် နေထိုင်သူများ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၇ | **ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ** (IDP) | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၈ | **မြေနိမ့်ပိုင်း နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၉ | **ငါးကန်ပိုင်ရှင်များ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၀ | **လက်လုပ်လက်စားများ၊ ကျပန်းများ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၁ | **လူနည်းစုလူမျိုးများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၂ | **ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၃ | **နယ်စပ်ဒေသတွင် နေထိုင်သူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၄ | **ရွှေတွင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၅ | **ဆေးစွဲသူများ** | မြင့် ☐ လတ် ☒ နိမ့်☐ မရှိ ☐ |
| ၁၆ | **ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ** | မြင့် ☐ လတ် ☐ နိမ့်☒ မရှိ ☐ |
| ၁၇ | **လှည့်လည်သွားလာ၍ ဈေးရောင်းသူများ** | မြင့် ☒ လတ် ☐ နိမ့်☐ မရှိ ☐ |
| ၁၈ | **နေရပ်ပြန် အခြေချသူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၁၉ | **ရွှေ့ပြောင်းလုပ်သားများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |
| ၂၀ | **ကားမောင်းပြီး အသက်မွေးသူများ** | မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ☒ |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။**

**လေ့လာတွေ့ရှိချက်။** ။မိုးဖိန်း(မိုးဖိန်း)ကျေးရွာတွင် ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် သူများတွင် လူငယ်များ၊ အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စုများ၊ မြေယာမဲ့ ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများ၊ ဆေးစွဲသူများ၊ လှည့်လည်ဈေးရောင်းသူများသည် ထိခိုက်သက်ရောက်နိုင်မှု မြင့်သည်။

လူငယ်များ ထိခိုက်သက်ရောက်နိုင်မှု မြင့်ရခြင်းမှာ လူငယ်များသည် မိသားစု ဝင်ငွေအတွက် အဓိက အလုပ်လုပ်ကိုင်ရသူများဖြစ်ပြီး မိသားစုနှင့်ဝေးကွာစွာ သွားရောက် အလုပ်လုပ်ကိုင် ရသောကြောင့် ကူးစက်ရောဂါများ အလွယ်တကူ ကူးစက်ခံရနိုင်မှုများခြင်း၊ မူးယစ်ဆေးသုံးစွဲမှု ရှိလာခြင်း၊ မူးယစ်ဆေးဝါး အန္တရာယ်ရှိခြင်း၊ ယာဉ်အန္တရာယ်အချိန်မရွေးကျရောက်နိုင်ခြင်း၊ လူကုန်ကူးခံရနိုင်ခြေများခြင်း၊ ခိုက်ရန်ဖြစ်ပွါးမှုများခြင်းကြောင့် ထိခိုက်သက် ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

မြေယာမဲ့နှင့်ဆင်းရဲသားတောင်သူများ၊ လက်လုပ်လက်စားများ၊ ကျပန်းများသည် ထိခိုက်သက် ရောက်နိုင်မှုမြင့်ရခြင်းမှာ သီးနှံအထွက်နည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးခြင်း၊ ပုံမှန်အလုပ် အကိုင်နှင့် ဝင်ငွေမရှိခြင်း၊ လုပ်အားခနည်းသဖြင့် မိသားစုဝင်ငွေနည်းခြင်းတို့ကြောင့် ဖြစ်သည်။

ဆေးစွဲသူများမှာ အများအားဖြင့် အသက်ငယ်နှင့် လူလတ်ပိုင်းများဖြစ်ကြပြီး ထိခိုက်သက် ရောက်နိုင်မှုမြင့်ရခြင်းမှာ မိသားစုဝင်များနှင့် အခြားပါတ်ဝန်းကျင်လူအများ၏ လုံခြုံမှုနည်းလာသော ကြောင့် ထိခိုက် သက်ရောက်နိုင်မှု မြင့်ရခြင်းဖြစ်သည်။

လှည့်လည်ဈေးရောင်းသူများသည်လည်း ထိခိုက်သက်ရောက်လွယ်မှု နိမ့်အခြေအနေတွင် ရှိရခြင်း မှာ လုပ်ကိုင်သူနည်းပါးသောကြောင့် ဖြစ်သည်။ ထို့ကြောင့် ၄င်းတို့သည်လည်း ထိခိုက်လွယ်မှု နိမ့် သည်။

သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော ဒေသတွင်နေထိုင်သူများ၊ မတော်တဆ ဖြစ်နိုင် ခြေများသောနေရာတွင် နေထိုင်သူများ၊ မြေနိမ့်ပိုင်းနေထိုင်သူများ၊ လူနည်းစု လူမျိုးများ၊ ဒေသ တွင်းပဋိပက္ခ ဧရိယာတွင်နေထိုင်သူများ၊ လည့်လည်ဈေးရောင်းသူများသည် ထိခိုက်သက်ရောက် လွယ်မှု နိမ့်ဖြစ်သည်။

ကျန်လူအုပ်စုများမှာ ထိခိုက်သက်ရောက်နိုင်မှု မရှိကြပါ။

### (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ
### (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ
### (က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အုပ်ချုပ်ရေးအဖွဲ့ | ၁☐ ၂☒ ၃☒ | ၅ | - | ၅ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐ |
| ၂ | ရပ်မိ/ရပ်ဖ | ၁☐ ၂☒ ၃☒ | ၅ | ၅ | ၅ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၃ | ပေါ်ခင်/မယ်ခင် | ၁☐ ၂☒ ၃☒ | ၅ | ၅ | ၁၀ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☒ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☐<br>ညံ့ ☐ |
| ၄ | လူငယ်အဖွဲ့ | ၁☐ ၂☐ ၃☐ | | | | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☐<br>သင့် ☐<br>ညံ့ ☐ |
| ၅ | လူငယ် (အပျို၊ လူပျို အဖွဲ့) | ၁☐ ၂☒ ၃☒ | ၅ | ၅ | ၁၀ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး ☐ ဘာသာရေး ☒<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | ကောင်း☒<br>သင့် ☒<br>ညံ့ ☐ |
| ၆ | မြစိမ်းရောင် ရန်ပုံငွေကြီး ကြပ်မှု | ၁☒ ၂☒ ၃☒ | ၃ | ၄ | ၇ | ပညာရေး ☐ ငွေကြေး ☒<br>ကျန်းမာရေး ☐ ဘာသာရေး ☐ | ကောင်း☐<br>သင့် ☒<br>ညံ့ ☐ |

| စဉ် | အဖွဲ့အစည်းအမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။) | စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| | ကော်မတီ | | | | | စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေ ☒<br>လုံခြုံရေးနှင့် ကာကွယ်ရေး ☐ | |

**ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။**

**အုပ်စုအမျိုးအစား**

(၁) **စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

